လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** July 2025

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် “ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင် မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ အထူးဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးမှ အမျိုးသမီး အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယ စာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီး ကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများက ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စား

ဆင်ယင်ပြသမှု၊ တစ်ခန်းရပ်ပြဇာတ်များ တင်ဆက်မှုနှင့် နိုင်ငံကျော် အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြပါသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြု ပန်းစည်းများချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ တို့ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှု ပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး၊ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦးနှင့် ပါဝင်ဖျော်ဖြေ တင်ဆက်ကြသည့် အနုပညာရှင်များကိုယ်စား အကယ်ဒမီများရှင် ရန်အောင်နှင့် စိုးမြတ်သူဇာတို့ ကလည်းကောင်း လက်ခံရယူခဲ့ကြပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေး၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပါသည်။

**မန္တလေးလျှောင်ကြီးကြောင့် တိုက်ပိ၊ တိုက်ပြားဖြစ်ပေါ်ခဲ့သော ဝန်ထမ်းအိမ်ရာ မြေညီထပ်အခန်းနေ ဝန်ထမ်းများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ**





**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက် နေပြည်တော်**

အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၀၇၈၀ ကျော်အား လျှောင်ဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် တိုက်ပိ၊ တိုက်ပြား ဖြစ်ပေါ်ခဲ့သော ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၅ ခုမှ ဝန်ထမ်းအိမ်ရာ မြေညီထပ်အခန်း ၄၉၉ ခန်းတို့ အတွက် အခြေခံ လိုအပ်သည့် မီးဖိုချောင်သုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်း ၆ မျိုး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

ဦးစွာအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လျှောင်ဒဏ်ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု ဆောင်ရွက်မှုမှာ လျှောင်ဒဏ်ကြောင့် တိုက်ပိ၊ တိုက်ပြား ဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာမြေညီထပ်နေ ဝန်ထမ်းများကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ထောက်ပံ့နိုင်ရေးအတွက်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထောက်ပံ့နိုင်ရန်အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ စာရင်းများ တောင်းခံရယူ၍ အကြိမ်ကြိမ်သေချာစွာ စိစစ်ခဲ့ရကြောင်း၊ ရရှိလာသောစာရင်းများပါ မြေညီထပ် အခန်း ၄၉၉ ခန်း အတွက် ပုံမှန်နေ့စဉ်လူနေမှုဘဝကို အတိုင်းအတာတစ်ခုဖြည့်ဆည်းပေးနိုင်ရန်အခြေခံလိုအပ်သည့် မီးဖိုချောင် သုံးနှင့် လျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုး၊ လျှပ်စစ်မီးပူ တို့ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂)ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တင်ဒါကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း ပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက ဝန်ကြီးဌာန/ အဖွဲ့အစည်း တစ်ခုချင်းစီ အလိုက် မီးဖိုချောင်သုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်း ၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု “စာတမ်းဖတ်ပွဲ” အခမ်းအနား ကျင်းပခြင်း**



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက် နေပြည်တော်**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာတမ်းဖတ်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး၌ ကျင်းပရာမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့စာတမ်းဖတ်ပွဲသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှာ ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့် အကြိုလှုပ်ရှားမှုဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲသည် အသိပညာဗဟုသုတများကို တစ်နေရာတည်းတွင် ရရှိနိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်မှုနှင့် စွမ်းဆောင်နိုင်မှုများသည် အရင်းအမြစ်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း -NSPAW (၂၀၂၃-၂၀၃၂) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းသည် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ရရှိစေမှာဖြစ်ပါကြောင်း၊ယနေ့လူငယ်များသည်အနာဂတ်ကမ္ဘာကို ဖန်တီးနိုင်သည့်သူများ ဖြစ်သည်နှင့်အညီ သဘာဝဘေးနှင့် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ကြရန် ပြောကြားခဲ့ပါသည်။

စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်၊ ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဥပဒေ မူကြမ်းစိစစ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာကြည်ကြည်သန်းအောင်က “အမျိုးသမီးများအားအကြမ်းဖက်မှုမှကာကွယ်ရေးဆိုင်ရာဥပဒေမူဘောင်” စာတမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊

ဒေါက်တာဆန်းဝင်းက “လူငယ်များ၏ အနာဂတ်နှင့် ရာသီဥတုပြောင်းလဲမှု”စာတမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ညွှန်ကြားရေးမှူး၊ဒေါ်သင်းသင်းဇင်က “အမျိုးသမီးများဘဝ အနာဂတ်တိုးတက်မြင့်မားလာစေရေး အမျိုးသမီးငယ် ရွယ်များကို ပြုစုပျိုးထောင်ရေး” စာတမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒေါ်နော်သဝါးက “မြန်မာနိုင်ငံအတွင်း ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအခြေအနေ” စာတမ်းများကို ဖတ်ကြားခဲ့ကြပြီး တက်ရောက်လာကြသူများကသိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

အခမ်းအနားသို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြင့်တင်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် နေပြည်တော်ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ပါသည်။

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု “သစ်ပင်စိုက်ပျိုးပွဲ”



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကကြီးမှူး၍ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ကစ္စပနဒီလမ်းနှင့် တော်ဝင်ရတနာလမ်းကြား၊ သစ်ခွလမ်းတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာနိုင်ငံတော် အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင် ကော်မတီဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ

အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွား ရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးက သတ်မှတ်နေရာများတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသူများမှ သတ်မှတ် နေရာအသီးသီးတွင် ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ခရေ၊ ရေတမာ၊ သင်းဝင်နှင့် ဆီးသပြေစသည့် နှစ်ရှည်ပျိုးပင်(၁၅၀) ကို စိုက်ပျိုးခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပါသည်။

## လျှော်ဘေးသင့်ပြည်သူနှင့် ဝန်ထမ်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း



**၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ၈ ရက်၊ ၁၀ ရက်** **နေပြည်တော်**

မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းမှ ငွေကျပ် (၅၀၀) သိန်း ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃ ရက်နေ့တွင်လည်းကောင်း၊မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းကငွေကျပ်(၁၂,၃၀၀,၀၀၀/-)(တစ်ရာနှစ်ဆယ့်သုံးသိန်းကျပ်တိတိ)၊ ဆိုလာမီးအိမ် (၁၂၃) ခု နှင့် မှန်ချိုအကြောပြေလိမ်းဆေးများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့တွင်လည်းကောင်း၊ ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ JSC “Rosoboronexport” ကုမ္ပဏီက ငွေကျပ် (၉၀၆.၂၅၀) သန်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့တွင်လည်းကောင်း၊ Wowtiger New Energy ကုမ္ပဏီက Portable Power Station ၃၀ စုံနှင့် Solar Energy Storage System ၉ စုံ တို့ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီ (THEPPADUNGPORN COCONUT Co.,Ltd) က အချိုရည် ၁၅၀၀၀ ဘူးနှင့် Sport Shirt ၁၀၀၄ ထည် တို့ကိုလည်းကောင်း၊

ဂျပန်နိုင်ငံမှ Mr. Lin Baoquan က ဂျပန်ယန်း ၂ သိန်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လည်းကောင်း လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ငလျင်ဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက် (Recovery Plan) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်



**၂၀၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်** **နေပြည်တော်**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ငလျင်ဘေး အန္တရာယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက် (Recovery Plan) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် တစ်ခု ဖြစ်ပွားပြီး တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့ပေးမှု လုပ်ငန်းများကို ဆောင်ရွက် ပြီးသည်နှင့် ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ် လေ့လာမှုများကို ဆောင်ရွက်၍ ရရှိလာသည့် လေ့လာ တွေ့ရှိချက်များကို အခြေခံကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်ကိုရေးဆွဲဆောင်ရွက်လေ့ရှိကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် ကနဦး လိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီက ပျက်စီးဆုံးရှုံးမှုများကို စာရင်း ကောက်ယူပြုစုပြီးဖြစ်ပါကြောင်း၊ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်ကို မူလအခြေအနေထက်ပိုမိုကောင်းမွန် ပြီး အနာဂတ်ဘေးအန္တရာယ်များအတွက်ပါ ကြံ့ကြံ့ခံနိုင် သည့်လူ့အသိုက်အဝန်းဖြစ်လာစေရေးဦးတည်ဆောင်ရွက် နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ ပြည်တွင်းလုပ်ထုံး လုပ်နည်းများနှင့်ညီညွတ်သော ပြန်လည်ထူထောင်ရေး စီမံချက်ဖြစ်စေရေးရေးဆွဲဆောင်ရွက်ကြရန်လိုပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့ကျပြီး လိုအပ်မှုနှင့် ကိုက်ညီကာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စီမံချက်တစ်ရပ်ပေါ်ပေါက်စေရေး ဘက်စုံထောင့်စုံကစဉ်းစားကာရေးဆွဲပြုစုကြစေလိုကြောင်း

ပြောကြားခဲ့ပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်က ပြန်လည်ထူထောင်ရေးစီမံချက် (Recovery Plan) ရေးဆွဲရာတွင် ကဏ္ဍတစ်ခုချင်းအလိုက် ထည့်သွင်း စဉ်းစားဆောင်ရွက်ရမည့်အချက်များကိုအကြံပြုဆွေးနွေး ခဲ့ပါသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာအရာထမ်းများ တက်ရောက် ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ




**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုး စိုက်ထည့်ပွဲအခမ်းအနားကို အဆိုပါဝန်ကြီးဌာန လျှိုပိတ် ဆည်၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီး အကဲ များနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ဇနီး၊ ဒုတိယဝန်ကြီးများက ငါးမြစ်ချင်း၊ငါးခုံးမသားပေါက် များကို ဝန်ကြီးဌာန လျှိုပိတ်ဆည် အတွင်းသို့ ငါးမျိုး စိုက်ထည့်ပေးခဲ့ကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းမိသားစုများကငါးလုပ်ငန်းဦးစီးဌာနကထောက်ပံ့ သည့် ငါးမြစ်ချင်း၊ ငါးခုံးမသားပေါက် ကောင်ရေ ၁၀၀၀ ကို ဝန်ကြီးဌာန လျှိုပိတ်ဆည် အတွင်း သို့ ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပပြုလုပ်



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်** **နေပြည်တော်**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေး၊ သဘာဝဘေး အန္တရာယ်များ လျော့ပါးသက်သာစေရေးနှင့် စိမ်းလန်းသော မြို့တော်ဖြစ်စေရေးတို့ကို ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်းမကြီးဘေး၊ Star World Hotel အရှေ့ဘက်၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဒုတိယဝန်ကြီးဒေါက်တာသန်းစိုးနှင့်ဇနီးအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ခဲ့ပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်များကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးခဲ့ကြကာ ကျွန်းပင်စုစုပေါင်း (၁၅၀) ပင် စိုက်ပျိုးခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများက ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မန္တလေးလျှောင်ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသမီးများအဖွဲ့ချုပ် All China Women’s Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသမီးများအဖွဲ့ချုပ် All China Women’s Federation (ACWF) မှ လှူဒါန်းသည့် အလှူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၊ သီရိရတနာခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒေါက်တာသက်သက်ဇင်၊ China Foundation for Peace and Development (CFPD) မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝှမ်းတွင် ဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုထိခိုက်ခံစားရသည့် အခြေအနေနှင့် ရင်ဆိုင်ရပါကြောင်း၊ အရေးပေါ်အခြေ အနေတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တစ်ကိုယ်ရည် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အပြင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ အတွက် မတူညီသည့်လိုအပ်ချက်များနှင့် သက်ရောက်မှုများကို ဖြည့်ဆည်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ရှမ်းပြည်နယ်တို့တွင် ငလျင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံတကာအကူအညီများဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ငလျင်ဘေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မိုးကာတဲများ၊ ယာယီအိမ်များ၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဒီဇယ်ဆီများ၊ မိုဘိုင်းခွဲစိတ်ခန်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးခဲ့သည့်အပြင် အဆောက်အဦများအကြားပိတ်မိနေသူများကိုရှာဖွေ/ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ အကူအညီများကို အလျင်အမြန်ဆောင် ရွက်ပေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံမှ Emergency Medical Team (EMT) အဖွဲ့ဝင် (၉၂)ဦးသည်လည်း နေပြည်တော်၊ မန္တလေးတို့တွင် ဆေးကုသရေး၊ ရောဂါကာကွယ်ရေး လုပ်ငန်းများ၊ ရေအရည်အသွေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာကျပ်ငွေ (၁၈၀,၀၀၀,၀၀၀) ခန့် တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများကို လှူဒါန်းသည့် အလှူရှင်များအား အထူးကျေးဇူးတင်ရှိ ပါကြောင်းနှင့် ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် China Foundation for Peace and Development မြန်မာနိုင်ငံရုံး ကိုယ်စားလှယ် Mr. Wang Lei မှ လှူဒါန်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ Senior President၊ မြန်မာနိုင်ငံဝူးရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ (ခ) Mr. Li BoBo မှ အသင်း၏ လုပ်ဆောင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။




**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်** **နေပြည်တော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတို့မှ သင်တန်းသား (၁၉)ဦး ၊ သင်တန်းသူ (၁၆)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ဖြစ်၍ အရေးကြီးပါကြောင်း၊ အမျိုးသမီးအတွက်အခွင့်အရေးများကာကွယ်စောင့်ရှောက်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အခွင့်အလမ်းများ တန်းတူရရှိစေခြင်းများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အလျင်အမြန်အရောက်လှမ်းနိုင်ရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ပါဝင်မှုနှင့် စွမ်းဆောင်နိုင်မှုများသည် အရေးကြီးသည့်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများ မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့်အမျိုးသမီးများအားလုံးပညာရေး၊ကျန်းမာရေး၊ စီးပွားရေးအစရှိသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရန်အတွက်အမျိုးသမီးကဏ္ဍမြှင့်တင်ပေးမည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများ ပိုမိုခိုင်မာအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းသည်ကမ္ဘာတစ်ဝှမ်းလုံးက ဆောင်ရွက်နေသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိပြီး ကျား၊ မ ရေးရာကိစ္စရပ်များကို ကဏ္ဍစုံတွင် ဆောင်ရွက်စေဖို့နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းများဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမှာ ဖြစ်သည့် အတွက်သင်တန်းတွင် တက်တက်ကြွကြွပါဝင်ဆွေးနွေး သွားကြစေလိုကြောင်း၊ သင်တန်းကရရှိသည့် ဗဟုသုတ၊ အသိပညာများကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းစဉ်များတွင်ထည့်သွင်းပြီး ဌာန အသီးသီး ပါဝင်ဆောင်ရွက် အကောင်အထည်ဖော် နေသည့်

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)အောင်မြင်ရေး အလေးထားကူညီဆောင်ရွက်ပေးစေလိုကြောင်းတိုက်တွန်းပြောကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ တက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် တက်ရောက်နေသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ




**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန(၃)ခုတို့မှ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများအား ပညာသင်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပညာသင်ကြားမည့် ကျောင်းသား/ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ ၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် (၅)ဘာသာဂုဏ်ထူးရှင် (၁)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် (၁)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် (၄)ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူများ အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက အထက်တန်းအဆင့် တက်ရောက်နေသူ၊ ဒုတိယဝန်ကြီး ဦးစိုးကြည် က အလယ်တန်းအဆင့်တက်ရောက်နေသူ၊ ဒုတိယဝန်ကြီး

ဒေါက်တာသန်းစိုးက မူလတန်းအဆင့် တက်ရောက်နေသူ ကျောင်းသား/သူများအားလည်းကောင်း ပညာသင်ထောက်ပံ့ ငွေကျပ် (၂၉,၂၃၅,၀၀၀) ကိုထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ဘားအံမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ဆန်ရိက္ခာဖိုးငွေများပေးအပ်ချီးမြှင့်



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်** **ကရင်ပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဇူလိုင်လ ၃၁ ရက်နေ့တွင်ဘားအံမြို့ပေါ်ရှိယာယီရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး၍ ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး၊ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြကြေးမုံဆောင် ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းခန်းမတို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေး၍ ဆန်ရိက္ခာဖိုးငွေနှင့် စားသောက် ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ အဆိုပါရေဘေး ကယ်ဆယ်ရေးစခန်း၌ အမှတ်(၂) တပ်မတော် ဆေးရုံကုတင်(၁၀၀)၊ ဘားအံတပ်နယ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့မှ ပြောင်းရွှေ့ နေထိုင်သော ရေဘေးသင့်အိမ်ထောင်စုများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့၊ ယာယီရေဘေးကယ်ဆယ်ရေး စခန်းများရှိ အိမ်ထောင်စုစုစုပေါင်း ၅၈၁ စု၊ လူဦးရေ ၂၇၉၀ ဦး အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ချီးမြှင့်သော ဆန်ရိက္ခာနှင့် ခေါက်ဆွဲ

ခြောက်ဖိုးငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ရေဘေးစတင်ဖြစ်ပွားချိန်မှ ယနေ့အချိန်ထိ အိမ်ထောင်စု ၁၈၃၄ စု၊ လူဦးရေ ၉၁၉၁ ဦး အတွက် ဆန်ရိက္ခာနှင့် ခေါက်ဆွဲခြောက်ဖိုးငွေ ၄၆၇၄၈၂၅၀ိ/- ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းရပ်များ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၅ ခု၊ ဇူလိုင်လ ၈ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့သို့ သွားရောက်ခဲ့ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နားမကြားသောကလေးများကျောင်းရှိ ပင်မဆောင် အဆောက်အဦ (Parapet)ထိခိုက်ပျက်စီးမှုအခြေအနေနှင့်စာသင်ဆောင်၊ အမျိုးသား/ အမျိုးသမီးအိပ်ဆောင်၊ စားဖိုဆောင်နှင့် ရိပ်သာအဆောက်အဦများကိုလည်းကောင်း၊မူလတန်းကြိုကျောင်းအမှတ် (၂) ရှိ ပင်မစာသင်ဆောင်နှင့် ကလေးကစားကွင်းအားလည်းကောင်း၊ဒေးဝန်းမူလတန်းကြိုကျောင်းရှိ စာသင်ဆောင်နှင့် မန္တလေးလူငယ်သင်တန်းကျောင်းရှိ သုံးထပ် ဆောင်နှင့် ပင်မ ၂ ထပ်ဆောင် အဆောက်အဦများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ယာယီအဆောင်များနှင့် အဆောက်အဦများ တည်ဆောက်နိုင်ရေး၊ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များကို မှာကြားခဲ့ပြီးအဆိုပါကျောင်းများတွင်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် ဆရာ/ ဆရာမများအား တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပါသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဇဟိုသိုလှောင်ရုံရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများနှင့် အလှူပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို

ကြည့်ရှုစစ်ဆေးပြီး ဘေးသင့်ပြည်သူများထံ အချိန်မီ ထောက်ပံ့နိုင်ရေး၊ သိုလှောင်ရုံလက်စွဲနှင့်အညီပစ္စည်းများ လေလွင့်ပျက်စီးမှု မရှိစေရေးစနစ်တကျ ထိန်းသိမ်းထားရှိရေး၊ ပစ္စည်းများထုတ်ပေးရာတွင် စနစ်တကျရှိစေရေးနှင့် စာရင်းဇယားများကိုစနစ်တကျပြုစုမှတ်တမ်းတင်ထားရှိရေးတို့အတွက် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ




**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် — နေပြည်တော်**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးစိုးကြည် ဦးဆောင်၍ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုကျင်းပဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းကော်မတီဝင်ဌာနများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပြီး လူကုန်ကူးခံရသူများကို အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများ ပေးနိုင်ကြောင်း၊ "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" ကို ၂၀၂၀ ပြည့်နှစ်မှစ၍ ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ကြောင်း၊ ယင်းစံလုပ်ငန်း အစီအစဉ်ပါ လုပ်ငန်းစဉ်များအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၆) အနေဖြင့် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပထမ(၆)လအတွင်း အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများကို မှတ်တမ်းမှတ်ရာ အချက်အလက်အတိအကျနှင့် ဓါတ်ပုံမှတ်တမ်းများမှအစ စနစ်တကျပြုစုထားရှိပြီး ၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်

လည်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ဂေဟာနှင့် စခန်းများတွင် လူကုန်ကူးခံရသူများကို သက်ဆိုင်ရာ တရားရုံးများတွင် သက်သေ ထွက်ဆိုပြီးသည်အထိ ယာယီလက်ခံ စောင့်ရှောက်ရခြင်းဖြစ်သည့်အတွက် တရားစွဲဆိုရေး၊ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် လူကုန်ကူးခံရသူများ အနေဖြင့် အချိန်နှင့်တပြေးညီ သက်သေထွက်ဆိုနိုင်ရေး သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက် ပေးကြရန် တိုက်တွန်းပါကြောင်း၊ ထိရောက်သည့် ပြန်လည်ထူထောင်ရေးဖြစ်စေရန် အဖွဲ့အစည်းအားလုံး ပူးပေါင်းပံ့ပိုးကူညီပေးရန်လိုကြောင်း၊ ထို့အပြင် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကို သင်ခန်းစာယူ၍ ၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ပိုမိုကောင်းမွန်ပြည့်စုံသည့် စီမံချက်ဖြစ်လာစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ ပါသည်။

အစည်းအဝေးသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင် ရာဌာနများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းတို့မှ ကိုယ်စားလှယ် (၂၃)ဦး တက်ရောက်ခဲ့ပြီး၊ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ချက်၊ အကြံပြုချက်၊ အားသာချက်၊ အားနည်းချက် များကို ဆွေးနွေးခဲ့ကြပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံ



**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး (UNHCR) ၏ မြန်မာ နိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi အား အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် “မန္တလေးငလျင်ပြန်လည်ထူထောင်ရေး အမျိုးသားအဆင့်ကော်မတီ” ကိုဖွဲ့စည်း၍ နိုင်ငံတော်အစိုးရမှငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊“အဆောက်အဦများပြန်လည်ပြုပြင်

အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီ” ဖွဲ့စည်း၍ ငလျင်သင့်ဒေသများရှိ အဆောက်အဦများစစ်ဆေးခြင်း၊ ပျက်စီးမှုအဆင့်တိုင်းတာခြင်း၊ ပြန်လည်နေထိုင်နိုင်မှု၊ ပြုပြင်ရန်လိုအပ်မှု၊ ဖျက်စီးရန်လိုအပ်မှုများ ခွဲခြားသတ်မှတ်ခြင်း ဆောင်ရွက် နေမှုများ၊ ငလျင်ဘေးသင့်သူများအတွက် UNHCR မှ ကူညီထောက်ပံ့ ပေးနေမှုများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနနှင့် UNHCR အကြား နားလည်မှုစာချွန်လွှာ (MoU) အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်၊ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNHCR ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ကျောင်းပြင်ပ မူလတန်းကျောင်း ပညာရေးအခြေစိုက်စခန်း (မန္တလေး လူငယ်သင်တန်းကျောင်း) ဖွင့်လှစ်သည့်အခမ်းအနားကျင်းပ



ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ ကျောင်းပြင်ပမူလတန်းပညာရေး အခြေစိုက် စခန်း (မန္တလေးလူငယ်သင်တန်းကျောင်း) ဖွင့်လှစ်သည့် အခမ်းအနားကို ၂-၇-၂၀၂၅ ရက်တွင် လူမှုဝန်ထမ်း ဦးစီးဌာန၊ မန္တလေးလူငယ်သင်တန်းကျောင်း ဘက်စုံသုံး ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးမှ အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး၊ ကျောင်းပြင်ပ တိုင်းကြီးကြပ်ရေးမှူး၊ ဒေါ်ခင်မျိုးသန့်မှ ကျောင်းပြင်ပပညာရေး အကြောင်းရှင်းလင်း ပြောကြားခြင်း၊မန္တလေးလူငယ်သင်တန်းကျောင်းမှဦးကျော်ဇင်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး၊ ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းမှ တိုင်းကြီးကြပ်ရေးမှူးနှင့် မြို့နယ်ကြီးကြပ်ရေးမှူး၊ မန္တလေးလူငယ် သင်တန်းကျောင်းမှ ဝန်ထမ်းများနှင့် Leval -1 မှ ကျောင်းသား (၁၇)ဦး၊ Leval-2 မှ ကျောင်းသား (၂၃)ဦး၊ စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့ကြပါသည်။

## ၂၀၂၅ ခုနှစ်၊ “မြန်မာမျိုးသမီးများနေ့” အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း



၂၀၂၅ ခုနှစ်၊ ဇူလိုင် (၃)ရက်နေ့တွင် ကျရောက်သည့် “မြန်မာအမျိုးသမီးများနေ့” အထိမ်း အမှတ်အခမ်းအနားအား မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများ၊ ကယား၊ မွန်နှင့် ရှမ်း ပြည်နယ်များတွင် အသီးသီးကျင်းပခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်အမျိုးသမီး ကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး

အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာ လှုပ်ရှား ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။



တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အနေဖြင့် မြန်မာအမျိုးသမီးများ နိုင်ငံတော်၏ နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကျား/ မတန်းတူညီမျှမှု ရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက် ပေးနေကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်းရှိ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ် ပို့ချဆောင်ရွက်နေကြောင်း၊ အကာအကွယ် ပေးရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း အမျိုးသမီးများအခွင့် အရေးကို ပိုမိုကာကွယ် စောင့်ရှောက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ နှင့်တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ Video Clipနှင့် တေးသရုပ်ဖော်၊ အကပဒေသာများအား ကြည့်ရှုအားပေးခဲ့ပြီး မြန်မာအမျိုးသမီးများနေ့အကြိုစာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း၊ အားကစားပြိုင်ပွဲများတွင်နိုင်ငံဂုဏ်ဆောင် ဆုတံဆိပ် များရရှိခဲ့ကြသော ထူးချွန်အမျိုးသမီးများနှင့် ကဏ္ဍအသီးသီးတွင် ထူးချွန်အမျိုးသမီးများနှင့် အဖွဲ့များ အားလည်းကောင်း၊ အကြိမ်အများဆုံး သွေးလှူခဲ့ကြသော အမျိုးသမီးသွေးလှူရှင်များအား လည်းကောင်း၊ ဖျော်ဖြေရေး အစီအစဉ်တွင် ပါဝင်သည့်အဖွဲ့များအား လည်းကောင်း ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ပါသည်။




ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ဓါတ်ပုံပြခန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများအား လှည့်လည် ကြည့်ရှု အားပေးခဲ့ကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ



ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှု ယန္တရားအား ပြည်သူသို့ အသိပညာပေးခြင်းအခမ်းအနားကို (၁၀-၇-၂၀၂၅) ရက်တွင် ပဲခူးတိုင်းဒေသကြီးပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ ပဲခူးခရိုင်အမျိုးသမီးကော်မတီ

ဝင်ဒုတိယရဲမှူးကြီးဝဏ္ဏမျိုးကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါဝင်းကျော်က JC (Joint Communique)၊ အကောင်အထည်ဖော်သည့် လုပ်ငန်းနယ်ပယ်များ၊ အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်း တာဝန်များ၊ ပူးတွဲကြေငြာချက်ပါ ဦးစားပေးကဏ္ဍ (၆) ရပ်၊ တိုင်ကြားနိုင်မှု ယန္တရားအကြောင်းကို ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက Joint Communique on Conflict Related Sexual Violence ပေါ်ပေါက်လာရသော အကြောင်းရင်း၊ မြန်မာနိုင်ငံမှ ကုလသမဂ္ဂသို့ နှစ်စဉ်အစီရင်ခံစာ တင်သွင်းမှုအခြေအနေ၊ အမျိုးသားအဆင့် ကော်မတီတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများအကြောင်းကို ဖြည့်စွက်ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ပဲခူးတိုင်းဒေသကြီး၊လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်ရှိ အမျိုးသမီး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း (၂၀) ဦး တက်ရောက်ခဲ့ ကြပါသည်။

## မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းသင်တန်းကျင်းပ



ပဲခူးမြို့နယ်၌ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းသင်တန်းကို ၂၈-၇-၂၀၂၅ ရက်တွင် ပဲခူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ရာ ပဲခူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ စုစုပေါင်း (၁၃၀) ဦးတက်ရောက်ခဲ့ကြပါသည်။

## မွန်ပြည်နယ် အမျိုးသမီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ် အမျိုးသမီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်း အဝေးခန်းမ၌ (၂၉-၇-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ် အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီး ကော်မတီ အတွင်းရေး မှူးများ စုစုပေါင်းအင်အား (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အဖွင့်အမှာ စကားပြောကြားပြီး ပြည်နယ်အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံး က မွန်ပြည်နယ်အတွင်း အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။



ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်များက မိမိတို့ဌာနအလိုက် အမျိုးသမီး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်၍ ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ရောဝတီတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း



ရောဝတီတိုင်းဒေသကြီး၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကို (၁၁-၇-၂၀၂၅) ရက်တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ရောဝတီတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေး ဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်အဖွဲ့ ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။တိုင်းဒေသကြီးအတွင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့်ပတ်သက်၍ မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့် ကြေးများအား သတ်မှတ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရေးများကို တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များမှ ဆွေးနွေးခဲ့ကြပါသည်။

## ဆက်သွယ်ရေးကွန်ရက်များကိုအသုံးပြု၍ Online လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လူမှုဝန်ထမ်းရုံးနှင့် လူငယ်အားမာန် သင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် ကျောင်းသားများအား (၂၃-၇-၂၀၂၅) ရက်တွင် ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြု၍ Online လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယို ၂ ခု ဖြန့်ဝေပြသခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်ရုံး၊ သင်တန်းခန်းမ၌ (၂၄-၇-၂၀၂၅) ရက်နေ့တွင် onlineလိမ်လည်မှုအသိပညာပေး videoများအား အခြေခံစက်ချုပ် သင်တန်းသူ ၃၀ နှင့် ဝန်ထမ်း ၃၀ ဦး တို့အား အသိပညာပေးပြသခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ဇူလိုင်လ ၂၂ ရက်အထိ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ မီးသတ်ဦးစီးဌာနမှ ကျင်းပပြုလုပ်သော ရေးဘေးသဏ္ဌာန်တူ သရုပ်ပြပွဲအခမ်းအနား၌ လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က ရေဆင်းကျောင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ စည်ပင်သာယာရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း၊ မင်းဘူးမြို့နယ်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း တို့၌ လည်းကောင်း၊ မွန်ပြည်နယ်၊

သထုံမြို့နယ်၊ အ.လ.က (သုဓမ္မဝတီမြို့သစ်)၊ သိမ်ကုန်းရပ်ကွက်၊ အ.ထ.က (၂) တို့၌လည်ကောင်း ဆရာ/ ဆရာမများနှင့် ကျောင်းသား/သူများအား သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း Talk Show အစီအစဉ်ပြုလုပ်ခြင်း




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် (၁၀-၇-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြို့နယ်တွင်လည်းကောင်း၊ (၁၆-၇-၂၀၂၅) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် လည်းကောင်း၊ (၂၂-၇-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်တွင်လည်းကောင်း၊ အဆိုပါမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ လျှပ်စီးဘေးနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် (၄-၇-၂၀၂၅) ရက်နေ့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က (၁၁) ကျောင်း၌လည်းကောင်း၊ (၁၈-၇-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊မြောင်းမြခရိုင်တို့၌လည်းကောင်း၊ (၂၃-၇-၂၀၂၅) ရက်နေ့တွင် တပ်ကုန်းမြို့နယ်၊ အ.ထ.က (ခွဲ) ဗိုလ်မင်းရောင်ကျောင်း၌လည်းကောင်း၊ (၂၆-၇-၂၀၂၅) ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ်၊ ခေတ်ရွေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့၌လည်းကောင်း လျှပ်စီးဘေးအန္တရာယ် သဏ္ဌာန်တူလေ့ကျင့်ခြင်းအား ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း မီးဘေးထောက်ပံ့ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နှင့် ၂၁ ရက်များတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ရွှေပြည်ရန်လုံရပ်ကွက်၊ အောင်သာကွက်သစ်ရပ်၌လည်းကောင်း၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၌လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၈) လုံး နှင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၄၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း ရေဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နှင့် ၁၆ ရက်များတွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ရပ်ကွက် (၂၄၊၅၊၇) တို့၌လည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မကွေး မြို့နယ်၊ မြေနုကျေးရွာနှင့် ဆားရွှေကင်းရပ်ကွက်၌ လည်းကောင်း ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၁၀,၇၂) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း လေပြင်းဘေးထောက်ပံ့ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နှင့် ၁၆ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အနော်ရထာလမ်း၊ ဒေါနလမ်းဒေါင့်၊ အရှေ့ပိုင်းရပ်ကွက်၊ ကျန်စစ်သား လမ်းနှင့် သုံးခွအုပ်စု၊ ကျုံပျော်စုကျေးရွာ၊ ဓနုဖြူမြို့နယ်၊ စံကင်းအုပ်စု၊ ဆိုင်းငုရွာ၊ ညောင်တုန်းမြို့နယ်၊ ထိပ်ဝကြီးအုပ်စု၊ ကညင်ကောက်ရွာ၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ဘုရားကုန်းအုပ်စု၊ ကျိန္တလီကျေးရွာ၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ မဲခရဲကျေးရွာအုပ်စု၊ ကနုကမာကျေးရွာနှင့် ကုလားမကွင်း ကျေးရွာ၊ ထန်းတပင်ကျေးရွာအုပ်စု၊ သံပုရာချောင်ကျေးရွာ၊ ဆောင်ဘုံအုပ်စု၊ ကျွန်းပုလု ကျေးရွာ၊ စစ်ပင်ကြီးအုပ်စု၊ စစ်ပင်ကြီးကျေးရွာ၊ ပုသိမ်မြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ တိုးကျေးရွာအုပ်စု၊တိုးကျေးရွာနှင့် ဖျာပုံမြို့နယ်၊ ကနိအုပ်စု၊ ကနိကျေးရွာ၊ မြောင်းမြမြို့နယ်၊ ပွတ်ခရိုင်ကျေးရွာအုပ်စု၊ ပွတ်ခရိုင်ကျေးရွာတို့၌ လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာအုပ်စု၊ စိန်ကုန်းကျေးရွာ၌လည်းကောင်းလေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် (၄၁) လုံးနှင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် (၂၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၂၈၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း လျှော်ဘေးထောက်ပံ့ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နှင့် ၂၅ ရက် အထိ နေပြည်တော်၊ လယ်ဝေး၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ တပ်ကုန်း၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တို့၌လည်းကောင်း လျှော်လှုပ်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် (၁၂၃၃) လုံးနှင့်တစ်စိတ်

တစ်ပိုင်းပျက်စီးလူနေအိမ် (၁၅,၄၄၈) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၃၃,၉၈၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နှင့် ၂၅ ရက် အထိ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ တောကျောင်းအုပ်စု၊ ကျောင်းတော် ကလေးကျေးရွာ၊ ရေပေါ်ကြီးအုပ်စု၊ ကုလားကုတ်ကျေးရွာနှင့် ကုလားမချောင်ကျေးရွာ၊ အထက် ကဇင်းတောကျေးရွာ၊ ဓနုဖြူမြို့နယ်၊ စံကင်းအုပ်စု၊ ဆိုင်းစုကျေးရွာ၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ သက္ကယ်ပြင် (သံ) ကျေးရွာအုပ်စု၊ ကညင်ရိုးကျေးရွာ၊ နောက်မီးကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၊ ဝက်လဟာကျေးရွာအုပ်စု၊ ကညင်တပင်ကျေးရွာ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာအုပ်စုနှင့် အထက်ပေကုန်းကျေးရွာအုပ်စု၊ အထက်ပေကုန်းကျေးရွာ တို့၌လည်းကောင်း၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးအုပ်စု၊ ကန်စွန်းခင်းကျေးရွာနှင့် ချောင်းမငယ်ကျေးရွာ၊ ရှမ်းစုအုပ်စု၊ ညောင်ပင်သာကျေးရွာ၊ ညိုပင်အုပ်စု၊ သုံးတန်ကူးကျေးရွာနှင့် ကူသပိတ်အုပ်စု၊ ကြက်သွန် ခင်းကျေးရွာတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအုပ်စု၊ နန်းတော်ကျွန်းကျေးရွာတို့၌လည်းကောင်း ကမ်းပြိုဘေး ဖြစ်ပွားခဲ့မှုကြောင့် ကြိုတင်ပြောင်းရွှေ့လူနေအိမ် (၈၉) လုံးနှင့် ပျက်စီးလူနေအိမ် (၁၄)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၇၆၃) ဦး အတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း မိုးကြိုးဘေးထောက်ပံ့ခြင်း

(၁၁-၇-၂၀၂၅) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာ၌ မိုးကြိုးဘေးကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၇-၇-၂၀၂၅) ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့ခြင်း



(၂၂-၆-၂၀၂၅)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ သနပ်ချောင်း ကျေးရွာအုပ်စု၊ ကုလားစုကျေးရွာ၌ တောဆင်ရိုင်းဝင်ရောက်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၅,၀၀၀/-) နှင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၁၇-၇-၂၀၂၅) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း မိကျောင်းဘေးထောက်ပံ့ခြင်း

(၂-၇-၂၀၂၅) ရက်နေ့နှင့် (၃-၇-၂၀၂၅) ရက်နေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ချောင်းဖြဲကြီးကျေးရွာအုပ်စု၊ လေ့လုံးကွဲကျေးရွာ၌ မိကျောင်းဘေးကြောင့် သေဆုံးသူ (၂) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ်(၆၀၀,၀၀၀/-)အား(၁၀-၇-၂၀၂၅) ရက်နေ့တွင် ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း ထူးခြားဖြစ်စဉ်ဘေးထောက်ပံ့ခြင်း




(၁၄-၄-၂၀၂၅) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဆိက္ခဝကျေးရွာ၌ အကြမ်းဖက် အဖွဲ့များ၏ ပစ်ခတ်တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၅,၀၀၀/-)၊ ဒဏ်ရာရရှိသူ (၂) ဦးအတွက် ဒဏ်ရာရထောက်ပံ့ ငွေကျပ် (၁၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၈-၇-၂၀၂၅) ရက်နေ့ တွင် ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၆-၂၀၂၅) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်နှင့် မြင်းခြံမြို့နယ်တို့၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းသို့ ယာယီတိုက်ပွဲ ရှောင်ရောက်ရှိလာသည့် တိုက်ပွဲရှောင်

ပြည်သူ (၁) စုမှ လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၀,၀၀၀/-) အား (၁၁-၇-၂၀၂၅) ရက်နေ့တွင် သရက်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၃-၆-၂၀၂၅) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ လယ်မကျေးရွာ၌ အကြမ်းဖက်အဖွဲ့များမှ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ (၁) ဦးအတွက် ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) အား (၇-၇-၂၀၂၅) ရက်နေ့တွင် ဂန့်ဂေါခရိုင် ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်**




**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတ-နာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၏ ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီး အဖွဲ့ဝင်များ၊ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ထူးချွန်ဆုရရှိသော အမျိုးသမီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip ကို ပြသပါသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ရေးပြ အကောင်းဆုံးဆု ရရှိသူ ဒုတိယဗိုလ် ဒေါ်နန္ဒာကျော်၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (ရေ) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်လပြည့်ဝင်း၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (လေ) မှ ကာကွယ်ရေးဦးစီးချုပ် (လေ) ၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီး ဒေါ်ရွှေဝတ်ရည် တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ရဲဒုတိယတပ်ကြပ် လက်ချမ်းမိနှင့် ထူးချွန်အမျိုးသမီးကြက်ခြေနီဆုရရှိသူဒေါ်လင်းလင်းထိုက်တို့ကိုလည်းကောင်း၊ဂုဏ်ထူးဆောင်နာယကဒေါ်သန်းသန်းနွယ်က ၂၀၂၄ ခုနှစ် မသန်စွမ်း အမျိုးသမီးပြေးခုန်ပစ် အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးနှင့် ၂၀၂၄ ခုနှစ် အမျိုးသမီးပီတန်း အားကစားထူးချွန်ဆုရရှိသူ မခင်ချယ်ရီသက်တို့ ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်း ရေးမှူး၏ ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူ ဒေါ်မြမြသန်း (ကိုယ်စား) ဒေါ်ချိုချိုမော်နှင့် ဒေါ်ခင်ဝတ်ရည်တို့ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ထူးချွန်အမျိုးသမီးဆုရရှိသူ ဒေါက်တာသင်းမျိုးမျိုးအောင်နှင့် အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင် ဆုရရှိသူ ဒေါ်ကြွေကြွေဇင် တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၏ ဇနီးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်ဆု ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် ခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၅ ခုနှစ် မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်း များနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြပါသည်။